# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 20 , 2022 | Volume 58, Number 14

## စက်တင်ဘာ ၃ ရက်နေ့မှ ၉ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်သွယ်မှု

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၃-၉-၂၀၂၂) မှ (၉-၉-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ ဂျင်း(အစို)၊ ငါးမြစ်ချင်း၊ စစ်တုံဥ၊ ဆီးယိုထုပ်၊ ကွမ်းသီး၊ နနွင်းတက်၊ ဆီးသီးဖတ်၊ တံမျက်စည်းကြမ်းနှင့် မန်ကျည်းစေ့တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၇၂၀၁ ဒသမ ၆၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိ ပါသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃ ရက်မှ စက်တင်ဘာလ ၉ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း အရေအတွက် ၂၇၃ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်းအရေအတွက် ၂၁၀ တန်တင်ပို့ခဲ့ပြီး၊ ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏ မှာ ၃၄၁၄၂၁ ဒသမ ၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန**

## အိန္ဒိယတွင် ဆန်ကွဲတင်ပို့မှု ပိတ်ပင်ထားသဖြင့် ပြည်တွင်းဆန် လက်လီဈေးနှုန်းများလျော့ကျ

အစိုးရဂိုဒေါင်များတွင် ဆန်သိုလှောင်မှုလုံလောက်သော်လည်း ၂၀၂၂-၂၃ ခုနှစ် ကောက်ရိတ်ရာသီ (ဇူလိုင်မှ ဇွန်လ) အတွင်း ဆန်တန်ချိန် ၆~၇ သန်းခန့် အထွက်နှုန်း ကျဆင်းသွားဖွယ်ရှိသည်ကို အကြောင်းပြပြီး အိန္ဒိယပြည်တွင်း ဆန်ဈေးများ တက်ရိပ်ပြနေသည်။

"ပြည်ပသို့ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ပြီးနောက် ပြည်တွင်းဆန်ဈေး တည်ငြိမ်လာတယ်။ တချို့မြို့တွေမှာ ဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းလာတာကို တွေ့ရတယ်" ဟု အစိုးရအရာရှိတစ်ဦးက Economic Times ကို ပြောကြားသည်။

ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခြင်း၊ ဘာစမာတီနှင့်ပေါင်းဆန်မှတစ်ပါး အခြားဆန် အမျိုးအစားများ ပြည်ပတင်ပို့ခြင်းအပေါ် အခွန် ၂၀% စည်းကြပ်ရန် ပြဋ္ဌာန်းခြင်း တို့ကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများအေးသွားသည်။ ပြည်တွင်းဆန်ကွဲဖူလုံမှု ရှိကြောင်း သေချာသွားစေသည်ဟု အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

### ၂၀.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၂၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၂.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၉.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၇၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၈၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနမှ အချက်အလက်များအရ ဆန်လက်ကားဈေးသည် စက်တင်ဘာ ၁၄ ရက်တွင် ၁၀၀ ကီလိုဂရမ်လျှင် ၃,၃၅၇.၂ ရူပီးအထိ မြင့်တက်ခဲ့သည်။

တိရစ္ဆာန် အစာဈေးနှုန်းများလည်း မြင့်တက်သည်။ ပြောင်းဆံဈေးသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တစ်ကီလိုလျှင် ၁၉ ရူပီးမှ ၂၀၂၂ စက်တင်ဘာ ၈ ရက်တွင် တစ်ကီလိုလျှင် ၂၄ ရူပီးအထိ မြင့်တက်ခဲ့သည်။ ဆန်ကွဲတစ်ကီလိုလျှင် ၁၆ ရူပီးမှ ၂၂ ရူပီးသို့ မြင့်တက်ခဲ့သည်။

ဆန်ကွဲတင်ပို့မှုမှာ လုံးဝပုံမှန်မဟုတ်ဘဲ မြင့်တက်လာခဲ့ကြောင်း အစားအသောက်ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ တိရစ္ဆာန် အစာအတွက် ဆန်ကွဲလုံလုံလောက်လောက် မရရှိကြောင်းလည်း ပြောကြားခဲ့သည်။ ထို့နောက် ရက်အနည်းငယ်အကြာတွင် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်လိုက်သည်။

ဇူလိုင်လ ၁ ရက်နေ့အထိ စပါးအပါအဝင် ဆန်စပါးတန်ချိန် ၄၇ သန်း သိုလှောင်ထားပြီး ဆန်သစ်မပေါ်ခင် ကြားကာလအတွက် သိုလှောင်မှုလိုအပ်ချက်မှာ ဇူလိုင်လ ၁ ရက်နေ့အထိ ဆန်တန်ချိန် ၁၃ ဒသမ ၅ သန်းရှိရန် လိုအပ်သည်။ ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် ၄၀ ရာခိုင်နှုန်းဝေစုကို ထိန်းချုပ်ထားသည့် အိန္ဒိယနိုင်ငံသည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂၁ ဒသမ ၂၃ သန်း တင်ပို့ခဲ့ပါသည်။

**Source: economictimes**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5018-india-rice-policy.html

## မန္တလေးဈေးကွက်တွင် မြေထောက်ပဲအဝယ်လိုက်လာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ပေါက်ဈေးရှိ

မန္တလေးဈေးကွက်တွင် မြေထောက်ပဲ(ဖြူ) အဝယ်လိုက်လာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

အဆိုပါ မြေထောက်ပဲကို ယခုဈေးကွက်အတွင်း ဝယ်ယူမှုပြန်လည် များပြားလာကြောင်း၊ လတ်တလောတွင် မြေထောက်ပဲများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဈေးနှုန်းကောင်းမွန်လာကြောင်း သိရသည်။

"အခုလက်ရှိ မြေထောက်ပဲတွေကို ကုန်သည်တွေ အဝယ်ပြန်များလာပြီး မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေပါတယ်။ မြေထောက်ပဲတွေကို ပြည်တွင်းအပြင် ပြည်ပနိုင်ငံကပါ ဝယ်ယူမှုများတာကြောင့် အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရလာတာဖြစ်ပါတယ်။ ကုန်စည်ဒိုင်အတွင်းမှာလဲ မြေထောက်ပဲ အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ လတ်တလော ပြန်ပြီးများလာပါတယ်။ ပဲအမျိုးအစားတွေထဲမှာ အခုမြေထောက်ပဲက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ စက်တင်ဘာလပထမပတ်က မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ သာ ဈေးနှုန်းရှိခဲ့သော်လည်း ယနေ့(စက်တင်ဘာ-၁၇)တွင် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေ

မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုအခါ ပြည်ပမှတင်သွင်းလျက်ရှိသော တရုတ်အာလူးအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းတရုတ်အာလူးအသစ်များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

“တရုတ်အာလူးအသစ်တွေက အလုံးလဲလှပြီးတော့ အရည်အသွေးကောင်းမွန်တာတွေ တော်တော်များများပါလာတယ်။ ဒါကြောင့် တရုတ်အာလူးအသစ်တွေကို အာလူးအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ မန္တလေးဈေးကွက်ထဲမှာ အဝယ်လိုက်လာပြီးတော့ ဈေးကောင်းတွေရလာတယ်” ဟု ဒေါ်မေသဲဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယခင်က တရုတ်အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀ ခန့်ရှိခဲ့သော်လည်း ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တရုတ်အာလူး တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်ကောင်းနေကြောင်းသိရသည်။

“အခုလတ်တလောကတော့ ပြည်ပကနေ ပြည်တွင်းကို အာလူးတင်သွင်းမှုက တော်တော်လေး အားကောင်းလာတယ်။ တရုတ်အာလူးအသစ်တွေကို အခုမန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ကောင်းတဲ့အပြင် ဈေးကောင်းလဲ ဒီထက်ပိုပြီး ဈေးကောင်းရဖို့ အလားအလာရှိနေပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## မကြာမီဈေးကွက်သို့ မိုးစပါးများဝင်ရောက်လာတော့မည်ဖြစ်၍ ပြည်တွင်းဆန်စားသုံးမှုနှင့် ပြည်ပဆန်တင်ပို့မှု ပုံမှန်အတိုင်းဆောင်ရွက်နိုင်မည်

ပြည်တွင်းဆန် လုံလောက်မှုရှိနေသည့်အပြင် မကြာမီမိုးစပါးများဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်သဖြင့် ပြည်တွင်းဆန်စားသုံးမှုနှင့် ပြည်ပဆန်တင်ပို့မှု ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်းစားသုံးမှုအတွက် ဆန်လုံလောက်စွာရှိနေပြီး မကြာမီဆန်ဈေးကွက်သို့ မိုးစပါးများ ဝင်ရောက်လာတော့မည် ဖြစ်၍ ပြည်ပဖောက်သည် ဈေးကွက်များသို့လည်း ပုံမှန်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆန်ဈေးကွက်အတွင်းသို့ ဆန်ကုန်စည်စီးဆင်းမှု ပုံမှန်ရှိနေသည့်အပြင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကလည်း ရန်ကုန်မြို့ရှိ ဝါးတန်းဆန်ကုန်စည်ဒိုင်မှတစ်ဆင့် အမှန်တကယ်စားသုံးမည့် ပြည်သူများကို ဈေးနှုန်းချိုသာစွာ ဆန်အိတ်များရောင်းချပေးကြောင်း၊ ဈေးကွက်သို့ မကြာမီကာလတွင်လည်း မိုးစပါးများ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ လက်ရှိဆန်လက်ကျန်ပမာဏမှာ တန်ချိန် ၃ ဒသမ ၆၃၅ သန်းထိရှိနေကြောင်း၊ စက်တင်ဘာလမှ လာမည့်ဒီဇင်ဘာလထိ လေးလတာကာလအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်သော ဆန်ပမာဏမှာ တန် ၃ ဒသမ ၁၃၄ သန်းဖြစ်သောကြောင့် ယခုလက်ကျန်ဆန်ပမာဏသည် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံနိုင်စေသည့် ပမာဏထက်ပင်ပိုနေသေးသဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိကြောင်း၊ လက်ရှိတွင် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်မှုမရှိဘဲ ဈေးနှုန်းများတည်ငြိမ်မှုရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်မြို့ ဆန်ဈေးကွက်များ၏ စက်တင်ဘာလ ၁၅ ရက်ဈေးနှုန်းများမှာ ဆန်အရည်အသွေးနှင့်ဒေသလမ်းကြောင်းများအလိုက် ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ မှ ၆၃၀၀၀၊ ကြားပျံ့ရှယ် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ မှ ၆၈၀၀၀၊ ပေါ်ဆန်းရှယ် တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ မှ ၆၅၀၀၀၊ ခွဲနီရှယ် တစ်အိတ်လျှင် ငွေကျပ် ၅၂၅၀၀ မှ ၅၄၀၀၀၊ ရက် ၉၀ ရှယ် တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀ မှ ၄၉၀၀၀၊ သီးထပ်ရှယ် တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀ မှ ၄၄၅၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ချောင်းဦးမြို့နယ်၌ ငရုတ်ဈေးကောင်းရသဖြင့် တစ်ဧကလျှင် ကျပ် ၁၃ သိန်းခန့် အမြတ်ရရှိ

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ နှစ်စဉ်ငရုတ်သီးနှံကို ၂၀၅၅ ဧကကျော် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင်လည်း ငရုတ်သီးနှံကို ဧက ၂၁၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ယခုနှစ် ငရုတ်ဈေးကွက်သည် ယခင်နှစ်ထက် ပိုမိုဈေးကောင်းရရှိကြောင်း၊ လက်ရှိ ငရုတ်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ရရှိသဖြင့် ငရုတ်အစို တစ်ဧက ပိဿာ ၆၀၀ ထွက်ရှိသည့် တောင်သူအနေဖြင့် တစ်ဧကဝင်ငွေ ကျပ် ၁၈ သိန်းရရှိပြီး ကုန်ကျစရိတ်မှာ ကျပ်ငါးသိန်းခန့်သာရှိသောကြောင့် ၁၃ သိန်း အမြတ်ရရှိကြောင်း၊ ယခုနှစ် ငရုတ်စိုက်တောင်သူများ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း မကျီးခွကျေးရွာ ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

ချောင်းဦးမြို့နယ်၌ ငရုတ်သီးစိုက်ရာတွင် သာမို ၁၁၊ သာမို ၁၅ မျိုးများကို အဓိကထားစိုက်ပျိုးကြကာ တစ်ဧကတွင် အပင်ရေ ၈၅၀၀ မှ ၉၀၀၀ အထိ ဝင်ဆံ့ပြီး ငရုတ်သီးနှံသည် တစ်ဧကလျှင် အထွက်နှုန်း ပိဿာ ၄၀၀ မှ ၆၀၀ အထိ ထွက်ရှိကြောင်းသိရသည်။ အထွက်နှုန်းပိုမိုထွက်ရှိစေရန်နှင့် ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ငရုတ်စိုက်တောင်သူများထံကွင်းဆင်းပြီး သဘာဝပိုးတားဆေးများ ဖျော်စပ်သုံးစွဲနည်း၊ ရွက်ဖျန်းအားဆေး ငါးအမိုင်နိုပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြုလုပ်ပြသ၍ သုံးစွဲခြင်းအားဖြင့် တစ်ဧကအထွက်နှုန်းတိုးပြီး ဝင်ငွေပိုမိုရရှိလာစေရန် ပညာပေးလျက်ရှိသည်။

**Source:** မြန်မာ့အလင်း

## ယခုဘဏ္ဍာနှစ် စက်တင်ဘာ ၉ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းထက် ကန်ဒေါ်လာ ၈၀၄၉ ဒသမ ၈၇၃ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့



Source: ရတနာပုံသတင်းစာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၀၄၉ ဒသမ ၈၇၃ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၉၉၈ ဒသမ ၂၅၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများက ပို့ကုန်အမေရိကန်ဒေါ်လာ ၅၀၃၇ ဒသမ ၀၉၃ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၆၄၈၆ ဒသမ ၉၆၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၅၂၄ ဒသမ ဝ၆၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ အဆိုပါကာလအတွင်းတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက ပို့ကုန်အမေရိကန်ဒေါ်လာ ၂၅၆၃ ဒသမ ၃၃၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၉၁၀ ဒသမ ၈၅၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄၇၄ ဒသမ ၁၈၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါကာလတွင် မြန်မာ့ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၄၉၉၈ ဒသမ ၂၅၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၀၄၉ ဒသမ ၈၇၃ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်းတွင် ပို့ကုန်ကဏ္ဍမှ လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပြည်တွင်း၌ စိုက်ပျိုးသည့် ဂျုံသီးနှံများ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်သည့်အပြင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ အထိ စျေးကောင်းရရှိ

ပြည်တွင်း၌ စိုက်ပျိုးသည့် မြန်မာလယ်ယာထွက်ကုန် ဂျုံသီးနှံများ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်သည့်အပြင် စျေးနှုန်းအနေဖြင့်လည်း လက်ရှိအချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ အထိ စျေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှသိရသည်။

အဆိုပါ ဂျုံသီးနှံများသည် မန္တလေးစျေးကွက်အတွင်းသို့ မုံရွာ၊ ရွှေဘို ၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်စသည့်ဒေသများမှ ဝင်ရောက်လာကာ အရောင်းအဝယ်သွက်နေကြောင်း ဂျုံသီးနှံသည် မေလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ စျေးရှိခဲ့သော်လည်း ယခုအချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ထိပေါက်စျေးရှိကာ အမြင့်စျေးများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဒီနှစ်မှာ ဂျုံသီးနှံက အထွက်နှုန်းကောင်းမွန်တဲ့အပြင် အမြင့်စျေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဂျုံကတော့ ကမ္ဘာမှာ စားသုံးမှုအများဆုံးသီးနှံဖြစ်တယ်။ မြန်မာနိုင်ငံမှာ ဆန်စပါးပြီးရင် ဂျုံသီးနှံက ဒုတိယ အများဆုံးစားသုံးတဲ့ သီးနှံဖြစ်ပါတယ်။ ယခု ၂၀၂၂ ခုနှစ်မှာ ဂျုံစျေးတွေကောင်းနေတဲ့အတွက် တောင်ပေါ် မြေပြန့်ဂျုံစိုက်တောင်သူတွေအဖို့ အမြတ်အစွန်းရပြီး အကျိုးရှိတဲ့နှစ်ဖြစ်ပါတယ်။ ယခုလို ဂျုံစျေးတွေကောင်းနေတာကြောင့် လာမယ့်နှစ် ဂျုံရာသီမှာ စိုက်ကေတွေတိုးလာမှာပါ။ ဂျုံစားသုံးမှုကလည်း မြန်မာပြည်အတွင်း စားသုံးတဲ့နေရာမှာ အရေးပါတဲ့အရာဖြစ်တယ်' ဟု ၎င်းကရှင်းပြသည်။

အဆိုပါ ဂျုံသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ မြန်မာပြည်တွင် ဂျုံသီးနှံကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အဓိကထားစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ဂျုံသီးနှံသည်နေရာဒေသမရွေး စိုက်ပျိုး၍ မရနိုင်ကြောင်း ရာသီဥတုနှင့်မြေအမျိုးအစားပေါ်မူတည်ပြီး စိုက်ပျိုးထွက်ရှိကြောင်းသိရသည်။

**Source:** ကြေးမုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီး၌ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်းဝန်းကျင်အထိ စျေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို အဓိကထား၍ အသက်မွေးဝမ်းကျောင်း ပြုကြသည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည်။

ယခုနှစ် မိုးစပါးထွက်ရှိချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၌ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၃ သိန်း ဝန်းကျင်အထိ စျေးကောင်းရရှိနေသည်ဟု ဒေသခံဆန်စပါးစိုက်ပျိုးသူ တောင်သူများထံမှသိရသည်။

လွန်ခဲ့သည့်နှစ် မိုးစပါးစတင်ထွက်ရှိချိန်က တင်း ၁၀၀လျှင် ငွေကျပ်ခြောက်သိန်းခွဲမှ ခုနစ်သိန်းအထိသာ စျေးရခဲ့ ကြောင်း၊ ယခုနှစ်တွင် ဧည့်မထစပါးအခြောက် တင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းမှ ၁၃ သိန်းဝန်းကျင်ရရှိပြီး၊ စပါးအစို တင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ရရှိကြောင်း၊ ယခင်နှစ်နှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ်ရှိ စပါးစိုက်ပျိုးသူများနှင့် ကုန်သည်များထံမှသိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဆန်စျေးကွက်မှာလည်း စပါးဟောင်းစျေးနှုန်း မြင့်တက်နေသည့်အတွက် စပါးသစ်များပါ စျေးကောင်းရနေကြောင်း လာမည့်လများတွင်လည်း မိုးစပါးလှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးကဏ္ဍ ကျွမ်းကျင်သူများထံမှ သိရသည်။

ဩဂုတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ မိုးစပါးထွက်ရှိမှုအနေဖြင့် ကျိုက်လတ်မြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ အနည်းငယ်ထွက်ရှိခဲ့ပြီး နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလတို့တွင် ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မြောင်းမြ၊ ပုသိမ်မြို့နယ်နှင့် နီးစပ်ရာဒေသများမှ စျေးကောင်းရရှိမည့် ပေါ်ဆန်းစပါးမျိုးများ ထွက်ရှိမည်ဖြစ်ကြောင်း ဆန်စပါးကုန်သည်များထံမှ သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## ယခုနှစ် ဩဂုတ်လအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ကန်ဒေါ်လာ ၁၆ ဒသမ ၅၂၆ သန်းတန်ဖိုးရှိ ပြောင်း ၄၉၄၂၃ တန် တင်ပို့ရောင်းချပေးခဲ့

ယခုနှစ် ဩဂုတ်လအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၂၆ သန်းတန်ဖိုးရှိ ပြောင်း ၄၉၄၂၃ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုနှစ် ဩဂုတ်လအတွင်း ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြောင်းတင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အာရှဒေသရှိနိုင်ငံများသို့ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၉၀၃၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၄၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၀၃၉၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၂၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၄၉၄၂၃ တန် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် အာရှဒေသနိုင်ငံများသို့ ပြောင်းတန်ချိန် ၂၉၀၃၃ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းတန်ချိန် ၂၀၃၉၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ပြောင်းသီးနှံကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့သော်လည်း ယခုအခါ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် အာရှဒေသရှိနိုင်ငံများသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ယခုနှစ် ဩဂုတ်လတွင် ပြည်ပသို့ ရော်ဘာ ၁၂၃၆၃ တန် တင်ပို့ရောင်းချခဲ့



Source: ရတနာပုံသတင်းစာ

ယခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်တန်ဖိုးရှိ ရော်ဘာ ၁၂၃၆၃ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၇၈၉ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၀၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၅၇၄ တန် စုစုပေါင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၃၆၃ တင်ပို့ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးရာတွင် အာဆီယံဒေသတွင်း နိုင်ငံများသို့လည်းကောင်း၊ တောင်အာရှဒေသနိုင်ငံများသို့လည်းကောင်း၊ ရော်ဘာ ၇၇၈၉ တန် တင်ပို့ရောင်းချခဲ့ကြောင်းသိရသည်။ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးရာတွင် အိမ်နီးချင်းနိုင်ငံများသို့ ရော်ဘာတန်ချိန် ၄၀၆၄ တန်နှင့် ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အိမ်နီးချင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၁၀ စုစုပေါင်း ရော်ဘာတန်ချိန် ၄၅၇၄ တန် တင်ပို့ရောင်းချပေးခဲ့သည်။

ထို့ကြောင့် ပြီးခဲ့သည့်ဩဂုတ်လအတွင်းတွင် ပြည်ပဖောက်သည်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၃၆၃ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## STOCK EXCHANGE (20.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | -200 | -2.11% | 9,300 | 9,300 | 9,100 | 193 | 1,770,900 | 33,109,694 | 307,920 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,200 | 4,140 | 13,833,750 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,900 | 7,900 | 7,800 | 11 | 86,400 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | -500 | -2.44% | 20,000 | 20,000 | 20,000 | 1 | 20,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 5,033 | 14,092,400 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 40 | 108,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,500 | +100 | +1.85% | 5,500 | 5,500 | 5,500 | 10 | 55,000 | 10,497,598 | 57,737 |

Home > Main Board > Market Data > Market summary


### Market summary

As of 20th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.86 | -3.92 | -0.94% | 413.17 | 413.17 | 408.50 | 9,428 | 29,966,450 | 7 | 716,483 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 20th Sep. 2022

| MYANPIX | 411.86 ▼ 3.92 |
|---|---|
| Total Volume (shares) | 9,428 |
| Total Value (MMK) | 30 mil |
| Listed Company | 7 |
| Market Cap. (MMK) | 716,483 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▼ 200 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▼ 500 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,500 | ▲ 100 |

TIR